ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (10-5-2011) (၆၇၅၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　မေ　　၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာရှီမွန်ပဲရေ့စ်ထံသို့ ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိ အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော်　　မေ　　၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၅ ရက် နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာ လေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr. Lutfi Rauf တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

၁၀-၅-၂၀၁၁
(အင်္ဂါနေ့)

မိုးကြိုကာလ သဘာဝဘေးအန္တရာယ် သတိပြုကာကွယ်

ယခုအချိန်သည် မိုးကြိုကာလဖြစ်သည်။ တိမ်တိုက်ကြီးများ စုစည်းရာမှ ပျံ့ကျမိုးများ ရွာသွန်းတတ်သည်။

ယခုရက်ပိုင်းအတွင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ခန့်မှန်းချက်အရ အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မုန်တိုင်းရာသီ နှစ်ချိန်ရှိပြီး မိုးကြိုကာလ(ဧပြီလလယ်မှ မေလလယ်အထိ)နှင့် မိုးလွန်ကာလ(အောက်တိုဘာလ၊ နိုဝင်ဘာလ) တို့၌ မုန်တိုင်းများဝင်ရောက်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသူ ဒေသခံပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို ဂရုတစိုက် နားထောင်ကြရန်လိုအပ်သည်။ အရေးပေါ်အခြေအနေကျရောက်ပါက မုန်တိုင်းဒဏ်ခံအဆောက်အအုံသို့ ဘေးအန္တရာယ်အကင်းရှင်းဆုံးနှင့် အမြန်ဆုံးရောက်ရှိနိုင်သည့် လမ်းကြောင်းများကို ကြိုတင်သိရှိထားကြရပေမည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းထားသည်။ မိုးကြိုမုန်တိုင်းကာလတွင် အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအခြေအနေများ၊ ထူးခြားမှုဖြစ်စဉ်များကို သက်ဆိုင်ရာဌာနခွဲများသို့ သတင်းပေးပို့ သတိပေးချက်များ ထုတ်ပြန်နေသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့် ဒေသများသို့ အဓိကထား ထုတ်ပြန်လျက်ရှိသည်။

မုန်တိုင်းအကြိုရာသီတွင် သင်္ဘောများသွားလာနေစဉ် မိုးတိမ်တောင်များတွေ့မြင်ရပြီး မိုးခြိမ်းသံကြားခြင်း၊ ဝေးနေသော်လည်း လျှပ်စီးလက်ခြင်းတို့ဖြစ်ပေါ်လာပါက ညနေပိုင်းများတွင် စိုက်ဆင်းလေပြင်းမျိုး တိုက်ခတ်နိုင်ကြောင်း သတိပြုကြရပေမည်။ သင်္ဘောခုတ်မောင်းနေစဉ် မိုးကာကြီးများချထားခြင်း၊ သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းတို့သည် လေပြင်းဆောင့်တိုက်ပါက တိမ်းမှောက်သွားနိုင်သည်။ ရေယာဉ်များနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးမှု၊ ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ထားကြရပေမည်။

မေလ ၈ ရက် မိုးလေဝသတိုင်းထွာချက်များအရ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်သည်။ ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေတို့သည် အချို့မြို့များ၌ လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။ လေကြောင်း၊ ရေကြောင်း ပို့ဆောင်ရေးဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့် မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လက်တွဲညီညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၁၁ (အင်္ဂါနေ့)
[၁၃၇၃ ခုနှစ် ကဆုန်လဆန်း (၈) ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၉။ "သတင်းကောင်း"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup 2011ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar FC နှင့် ဇေယျာရွှေမြေ FC)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၅။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၄၀ ၆။ "ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ"
၅း၄၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၁။ ဆိုလိုက်ကြစို့
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၀)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ရယ်စရာဟာသများ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၂၇)**
၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း
၁၉။ အစီအစဉ်ပြီး၏။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကူဝိတ်နိုင်ငံအကြီးအကဲထံ သံအမတ်ကြီး ဦးကိုကိုလတ် ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၀

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် မေ ၃ ရက်တွင် ကူဝိတ်မြို့၌ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးစံမြင့်ဦး ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၀

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် မေ ၂ ရက်တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ အာဆစ်ဖ်အလီဇာဒါရီထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗစ်ဒေါလီဘာမန်ထံသို့ ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hydrochina Kunming Engineering Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Shen Ai Hua နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ညှော်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hydrochina Kunming Engineering Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Shen Ai Hua နှင့် အဖွဲ့သည် မေ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ဝန်ကြီး၏ညှော်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုးပင်-သာဂရ ရိုးမဖြတ်ကျော်လမ်း လုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၆ ရက်တွင် ကိုးပင်-သာဂရ ရိုးမဖြတ်ကျော်လမ်း မိုင်တိုင်အမှတ်(၂၀/၁)၌ ကျောက်ခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ် (၇၈/၀) ၌ မြေကြီးတာပေါင်ဖို့၍ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုးပင်-အောင်လံ-ပြည်လမ်း၊ B.O.T လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကာ ညပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ခရိုင်ရုံး၌ ခရိုင်နှင့်မြို့နယ်များမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မေ ၉

ဦးဝင်းနိုင်ထွန်းသည် မေ ၅ ရက်တွင် နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ Tour Stage -01ဘောလုံးကိုCleveland Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၆ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၃)သို့ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးဌေးမြင့်၊ ဦးကြည်မောင်ဦးတို့လည်း အတူကစားလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာ ပေ မြင့် မှ လူ မျိုး တင့် မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Marty M.Natalegawa က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်သည်။

ဂါရဝပြုကြိုဆို

ဆက်လက်၍ နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှား ကျောင်းသား၊ ကျောင်းသူလေးများက ဂုဏ်ပြုပန်းကုံးစွပ်၍ ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister for Administrative Reforms H.E. Mr. E. E. Mangindaan၊ ဂျကာတာမြို့ အုပ်ချုပ်ရေးမှူး Hon. Dr.Ing Fauzi Bowo နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ဂျကာတာမြို့ရှိ ခေတ္တတည်းခိုမည့် Ritz Carlton Hotel သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ညနေ ၃ နာရီခွဲတွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်၍လည်းကောင်း၊ အမြောက်(၂၁)ချက် ပစ်ဖောက်၍လည်းကောင်း ဂုဏ်ပြုသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်သမ္မတက အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့သည် Istana Merdeka နန်းတော် Credential Room ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့်အတူဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့ ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Credential Room ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မွေး/ကု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၉

ကချင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၅ ရက်နှင့် ၆ ရက်တို့တွင် မြစ်ကြီးနားမြို့ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်အောင်က ပြည်နယ်အတွင်း မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဖော်ဆောင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စေရန် ဝန်ထမ်းများက ပေါင်းစပ် ညှိနှိုင်း အကောင်အထည် ဖော်ဆောင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂျကာတာမြို့ Istana Merdeka နန်းတော် Reception Hall ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မိမိတို့ စနစ်ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများပြုလုပ်သွားမည်

လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် အင်ဒိုနီးရှားမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးဆောင်ရွက်ချက်များကို ထောက်ခံ

နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်မတိုင်မီ ဒေါ်လာ သန်း ၅၀၀ ထိ တိုးမြှင့်နိုင်ရန် ရည်မှန်း

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို မေ ၅ ရက် ညနေ ၄ နာရီတွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Reception Hall ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့်အတူ နိုင်ငံရေး၊ တရားဥပဒေနှင့် လုံခြုံရေးဝန်ကြီး H.E. Mr. Marsekal TNI(Purn) Djoko၊ စီးပွားရေးဝန်ကြီး H.E. Mr. Ir. Hatta Rajasa၊ Minister for Administrative Reforms H.E. Mr. E.E. Mangindaan၊ Coordinating Minister & State Secretary H.E. Mr. Sudi Silalahi၊ နိုင်ငံခြားရေးဝန်ကြီး H.E.Dr.Marty M. Natalegawa၊ ကုန်သွယ်ရေးဝန်ကြီး H.E.Dr.Mari E. Pangestu၊ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး H.E.Darwin Zahedy Saleh၊ စိုက်ပျိုးရေးဝန်ကြီး H.E. Mr. H. Suswono၊ သစ်တောဝန်ကြီး H.E. Mr. Zulkifli Hasan၊ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Laksamana Madya (Purn) Freddy Numberi၊ Minister for Legal and Human Rights H.E. Mr. Patrialis Akbar၊ အစိုးရအဖွဲ့ အတွင်းရေးမှူး H.E.Mr.Dipo Alam၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက **အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် အခွင့်အလမ်းများရရှိစေပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အဆွေတော် ဦးဆောင်သည့် အစိုးရသစ်အဖွဲ့သည် နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း**ဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတတာဝန်ယူပြီးနောက် ပထမအကြိမ် နိုင်ငံခြားတရားဝင်ခရီးစဉ်အဖြစ် အာဆီယံဥက္ကဋ္ဌဖြစ်သော ချစ်ကြည်ရင်းနှီးသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယခု မိမိ၏ခရီးစဉ်သည် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းရန် ယုံကြည်စိတ်ဖြင့် လာရောက်ခြင်း ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

အောင်မြင်မည်ဟုယုံကြည်

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းရန် နိုင်ငံတော်အကြီးအကဲအဆင့်၊ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အဆင့် ခရီးစဉ်များ နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်ရေးကို ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း၊ **နိုင်ငံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအပေါ် မိမိအနေဖြင့် အလေးအနက် ထောက်ခံပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။**

မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးတို့အတွက် ဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ် မတိုင်မီ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးအလားအလာကောင်းများစွာရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်များတွင် အင်ဒိုနီးရှားနိုင်ငံမှ ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံ ပုဂ္ဂလိက ကုမ္ပဏီများကလည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် စိတ်အားထက်သန်နေပြီး မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အခြေခံအဆောက်အအုံနှင့် အခြားကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လိုကြပါကြောင်း။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စပါးစိုက်ပျိုးမှုတိုးချဲ့ပြီး ဆန်ပိုမိုထွက်ရှိ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်လိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အထောက်အကူပြုစေမည်

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကျိုးအတွက်သာမက ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေမည်ဟု ယုံကြည်ပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်အတွင်း မိမိတို့နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုများကို မှန်မှန်တိုးတက်အောင် ဆောင်ရွက်ရင်း နှစ်နိုင်ငံအကြားတည်ရှိသော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အင်ဒိုနီးရှားနိုင်ငံ ကုမ္ပဏီ ၁၂ ခုမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် အဆင့်(၁၀) နေရာတွင် ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် နည်းလမ်းများကို ရှာဖွေသွားပြီး အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှာပါ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သမိုင်းဝင်ယဉ်ကျေးမှု အဆောက်အအုံများ၊ သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေများရှိသည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံအကြား လေယာဉ်ခရီးစဉ် ပျံသန်းရေးအတွက် ရန်ကုန်-စင်ကာပူ-အင်ဒိုနီးရှားခရီးစဉ်ကို ပျံသန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို **စာမျက်နှာ ၅ ကော်လံ ၁ သို့**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် လာရောက်တွေ့ဆုံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဆွေးနွေး

နေပြည်တော် မေ ၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong သည် မေ ၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျကာတာမြို့ရှိ ခေတ္တတည်းခိုသည့် Ritz Carlton Hotel ဧည့်ခန်းမသို့ လာရောက်၍ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong ဂျကာတာမြို့ရှိ ခေတ္တတည်းခိုသည့် Ritz Carlton Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညာဏ်လင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ဂျကာတာမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက်လုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာရေးလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေး၊ ကူးသန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

❑ စာမျက်နှာ ၄ မှ

ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ **မိမိတို့စနစ်ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိသည့်အတွက် လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စသည့်ကဏ္ဍများစွာတွင် အင်ဒိုနီးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း**ဖြင့် ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ စီးပွားရေးမူဝါဒ၊ လူ့အခွင့်အရေးတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် အခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ဆွေးနွေးပြောကြားချက်များအပေါ် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အဆွေတော်၏အကြံဉာဏ်နှင့် စိတ်ကူးစိတ်သန်းများကို ကြိုဆိုထောက်ခံပါကြောင်း၊ အဆွေတော်၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ထောက်ခံပါကြောင်း။

လာမည့် နိုဝင်ဘာလတွင် ဘာလီ၌ပြုလုပ်မည့် အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း အာဆီယံမိသားစုများအားလုံး ပါဝင်သည့် အာဆီယံပြပွဲတစ်ရပ်ကို ကျင်းပရန် အာဆီယံခေါင်းဆောင်များအား အဆိုပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှလည်း ယင်းပြပွဲတွင် ပါဝင်ပြသစေလိုပါကြောင်း၊ အာဆီယံအနေဖြင့် ဒေသ၏ နိုင်ငံရေး၊ လုံခြုံရေးများကိုသာမက ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးများကိုပါ ဆောင်ရွက်နေကြောင်းနှင့် အာဆီယံမိသားစုအသိုက်အဝန်း ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေကြောင်းကို ယင်းပြပွဲတွင် ပါဝင်ခြင်းဖြင့် ပြည်သူများသို့ ပြသလိုပါကြောင်း၊ ရှေ့ဆက်လက်၍ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်တွင်းသုံး စွမ်းအင်လိုအပ်ချက် တိုးမြှင့်ဖြည့်ဆည်းရေး ပိုမိုကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွှေပြည်သာရေနံမြေတွင် တွင်းအမှတ်(၆၆)ကို National 55 တွင်းတူးစက်ဖြင့် တူးဖော်ပြီးစီးခဲ့ရာ အနက်ပေ ၅၀၀၀ ကျော်ရှိ သဲကြောများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာ ရေနံမြေသို့ သွားရောက်ပြီး ပြည်တွင်းသုံး စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နည်းပညာသစ်များ လိုအပ်ပါက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယခုထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို မြန်အောင်သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်၍ ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ကို ရောစပ်သုံးစွဲသွားနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(အောက်ပုံ)

ထို့နောက် မြန်အောင်မြို့နယ် ဒေါင်းကျေးရွာအုပ်စုနှင့် ကညင်ငူကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တလိုင်းခြံချောင်းကူး ကွန်ကရစ်တံတားအား ကျေးရွာမှ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိန္နဲတောင် ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မေ ၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ပိန္နဲတောင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များကို မေ ၁ ရက်မှစ၍ ထုတ်လွှင့်ပေးလျက်ရှိရာ ရမ်းဗြဲမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ လားမူနှင့် မအီမြို့နယ်ခွဲများမှ ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်စွာဖြင့် ဖမ်းယူရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုအား ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Jepara Room ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုအခြေခံပြီး ကမ္ဘာ့ရေးရာများတွင် ပါဝင်ဆောင်ရွက်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မေ ၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Jepara Room ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်အတူ Minister for State Secretary Mr. Sudi Silalahi၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. Marty M. Natalegawa၊ Minister for Administrative Reforms Mr. E.E. Mangindaan နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Sebastianus Sumarsono တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာတိုးတက်ရေး ဆောင်ရွက်မည့်အခြေအနေ၊ အာဆီယံနိုင်ငံများနှင့် ရင်းရင်းနှီးနှီးဆက်ဆံပြီး ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မည့်အခြေအနေ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး ကမ္ဘာ့အရေးအရာများတွင် ဆက်လက်ပါဝင် ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ကမ္ဘာ့စုံ၌ မိတ်ဆွေစီးပွားဖက်နိုင်ငံအဖြစ် ဆက်လက်ပြီး လက်တွဲဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၅-၂၀၁၁ (အင်္ဂါနေ့)

AM & PM
၅း၀၅ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ခြင်း"တရားတော်
၆း၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၇)**
၈း၄၅ Legendary Journey Live at Singapore (Part-8)
၉း၃၀ Cartoon Show Time
၁၀း၁၀ Activities in The City
၁၀း၂၅ ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာ
၁၀း၅၅ Celebrity Style
၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀ ကမ်းဆင့်လက်များလှမ်းဆက်လို့ ရည်သာသနာ့အမွေခံယူကြမည်
၁၂း၁၅ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့. . .
၁၂း၄၅ အထက ဝက်လက်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၁း၀၀ "မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ခြင်း"တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ စာအုပ်ပြခန်း
၂း၅၅ Activities in The City
၃း၁၀ ကူညီဒါနကုသိုလ်မှူ. . . ပုညသဟာယ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၉)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၇)**
၅း၀၅ The Champion of Dance
၅း၄၅ သိန်းနီမြို့မှထူးခြားလှတဲ့ သာသနာ့အမွေ
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(ဇာတ်သိမ်းပိုင်း)**
၇း၁၀ Legendary Journey Live at Singapore (Part-9)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Choice
၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၈)**
၁၀း၁၅ အနုပညာမိုးကောင်းကင်
၁၀း၃၅ ဂီတသမားတစ်ယောက်၏ဘဝ
၁၁း၀၀ World of Knowledge
၁၁း၅၀ ရင်သွေးအတွက် သတိတစ်ချက်
၁၂း၀၀ အများမြင်စရာနှစ်ပါးသဘင်မဟာ
၁၂း၄၅ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁း၀၅ စွဲမက်ဖွယ်ရာရတနာ
၁း၃၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁း၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၂း၁၀ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြွေလှေ့စက်လက်မှုပညာ
၂း၂၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
၂း၅၀ အဆီအနှစ်ပြည့်ဝသော သဘာဝ အရသာ နန်းဝေရွှေမှုန့်မှာ
၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀ မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၄း၂၅ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
၄း၃၅ အသွင်ပြောင်းစေမည့် Fiber Tech
၄း၄၅ ဖူးမည်အမှန်. . . ထူးမည်ဧကန်. . . မာရ်ငါးမာရ်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၀	Man City - Tottenham	ESPN (Live)

ထားဝယ်အထူးစီးပွားရေးဇုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ထားဝယ်အထူးစီးပွားရေးဇုန်သို့ရောက်ရှိရာ ITD ကုမ္ပဏီမှ မစ္စစီရာဖိုက်၊ ဦးအောင်ဇော်ဝင်းနှင့် အထောက်အကူပြု လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်အောင်တို့က သက်ဆိုင်ရာအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန်ဧရိယာကို စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ တိုင်းတာသတ်မှတ်နိုင်ရေး ပထမဦးစားပေးဆောင်ရွက်ရန်၊ အပိုင်းအလိုက် အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာနှင့် လမ်းများ ဖောက်လုပ်ထားမှု၊ (ရန်ကင်း-ဒေါက်လောက်) ထားဝယ်မြစ်ကူးတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်၌ ပန်းခွေချ၍ အလေးပြုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ ပန်းခွေချအလေးပြု

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၆ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန် (Kalibata National Heroes Cemetery) သို့ သွားရောက်၍ ပန်းခွေချ အလေးပြုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် နံနက် ၈ နာရီတွင် သူရဲကောင်းဗိမာန်သို့ ရောက်ရှိရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်ဘက်အတွင်းဝန် Brig-Gen. Agus Sutomo နှင့် ဂျကာတာ တပ်နယ်မှူး Maj-Gen. Waris တို့က ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သူရဲကောင်း ဗိမာန်၌ ပန်းခွေချ၍ အလေးပြုသည်။

ဆက်လက်၍ ဗိမာန်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ သူရဲကောင်းများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ သူရဲကောင်းများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

အမျိုးသားအကျိုးစီးပွား ပွံ့ဖြိုးသည်ထက် ပွံ့ဖြိုးအောင် စီးပွားရေးအင်အားစုများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၉

ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုရှေးရှုပြီး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ စသော စီးပွားရေးအင်အားစုများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။ **(အောက်ဓါပုံ)**



အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက ဒေသအလိုက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍမှ ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသော ဝါရင့်စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေး ကဏ္ဍမှ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက မေ ၅ ရက် ညပိုင်းတွင် ဂျကာတာမြို့ရှိ Istana Negara နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Istana Negara နန်းတော်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ သမ္မတအိမ်တော် သံတမန်ရေးရာဌာန အကြီးအကဲက ခရီးဦးကြိုဆို နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား နန်းတော်ဧည့်ခန်းမဆောင်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ခင်မင်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်တို့တွင် အင်ဒိုနီးရှားခေတ်ပေါ် တေးဂီတအဖွဲ့က ခေတ်ပေါ်တေးသီချင်းများနှင့် မြန်မာသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ခိုင်မာရေးတို့အတွက် ဆုမွန်ကောင်း တောင်းကြသည်။

ကြည့်ရှုအားပေး

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုခန်းမဆောင်၌ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတတို့သည် ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် Istana Negara နန်းတော်မှ ပြန်လည်ထွက်ခွာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသ... ပေါ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အ... တည်းခိုသည့် Ritz Carlton Hotel သို့ ပြန်လ...

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အ... အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြ...

ပြင်ဦးလွင်-မိုးကုတ်ကားလ... အဖွဲ့ပေါင်း ၁၆...

နေပြည်...

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု... မိုးကုတ် ကားလမ်းသစ်တစ်လျှောက် အပိုင်းလိုက် ကဂ... ကျောက်များ စုဆောင်းထားရှိမှု အခြေအနေတို့ကို ...

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လမ်းပိုင်းအ... တာဝန်ယူဆောင်ရွက်နေသောအဖွဲ့များအား လမ်... အလိုက် လုပ်ငန်းများကို သေသေသပ်သပ်ဖြစ်... စနစ်တကျဆောင်ရွက်ရန်၊ တံတားများ၊ ရေပြွန်များကို... သတ်မှတ်ထားသည့် အကျယ်ရရှိအောင် ဆောင်ရွက်ပေး... လမ်းသစ်ဖြစ်သည့်အတွက် လမ်းကို ကျယ်ရန်၊ ဖြေ... အတက်အဆင်းပြေပြစ်အောင် ဆောင်ရွက်ပေးရန်...

☆ **ကျောဖုံးမှ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
၄း၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၉။ မီးသတိပေးနှိုးဆော်ချက်
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၄၀)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။...
၆း၂၅ ၁၅။...
၇း၀၀ ၁၆။...
၈း၀၀ ၁၇။...
၁၈။...
၁၉။...

ပြန်လည်ထွက်ခွာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက မော်တော်ယာဉ်ပေါ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက ဂျကာတာမြို့ရှိ Istana Negara နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုတို့ ယဉ်ကျေးမှုခန်းမဆောင်၌ အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

သားသမီးအပေါ်မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား
"ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁"
၂၀၁၁-ခုနှစ်၊ မေလ(၁၄) ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၁၁-ခုနှစ်၊ ဇွန်လ(၁၁) ရက် (စနေနေ့) (ဒုတိယအကြိမ်)
နေပြည်တော်(၈)မြို့နယ်၊ ကယားပြည်နယ်(၄)မြို့နယ်၊ ကရင်ပြည်နယ်(၇)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (၁၂)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (၁၆)မြို့နယ်၊ မကွေးတိုင်းဒေသကြီး(၁၃) မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (၂၈)မြို့နယ်၊ မွန်ပြည်နယ် (၁၁)မြို့နယ်၊ ရခိုင်ပြည်နယ်(၁၁)မြို့နယ်၊ ရှမ်းပြည်နယ် (၁၇)မြို့နယ်
အသက်(၅)နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

တောင်ပိုင်းဒေသများ ထစ်ချုန်းမည်

နေပြည်တော် မေ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ လောင်းလုံမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မိုးကုတ်မြို့နှင့် ထားဝယ်မြို့တို့တွင် ၃ ဒသမ ၀၇ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ပေါင်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ် ကုမ္ပဏီ ၁၀ ဖွဲ့အပါအဝင် အဖွဲ့ပေါင်း ၁၆ ဖွဲ့ဖြင့် ဆောင်ရွက်နေ

နေပြည်တော် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၈ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်တစ်လျှောက် အပိုင်းလိုက် ကတ္တရာလမ်းခင်းပြီးစီးမှု၊ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့များအား လမ်းပိုင်းအလိုက် လုပ်ငန်းများကို သေသေသပ်သပ်ဖြစ်အောင် စနစ်တကျဆောင်ရွက်ရန်၊ တံတားများ၊ ရေပြွန်များကိုလည်း သတ်မှတ်ထားသည့် အကျယ်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် လမ်းသစ်ဖြစ်သည့်အတွက် လမ်းကို ကျယ်ရန်၊ ဖြောင့်ရန်၊ အတက်အဆင်းပြေပြစ်အောင် ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်ကို အထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့ သုံးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၆ ဖွဲ့ဖြင့် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်း၊ လမ်းချဲ့ခြင်း၊ တံတားများနှင့် ရေပြွန်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

၄း၄၅	၇။ အင်္ဂလိပ်စာသုတ	၆း၁၅	၁၄။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)		၂၀။ နိုင်ငံတကာသတင်း
၄း၅၅	၈။ မြန်မာသံစဉ်ချိုနားဝင်	၆း၂၅	၁၅။ အောင်မြင်ခြင်းလမ်းမ		၂၁။ မိုးလေဝသသတင်း
၅း၀၀	၉။ မီးသတိပေးနှိုးဆော်ချက်	၇း၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာ့စံအိမ် (အပိုင်း-၂၀)**		၂၂။ မွေးမြူသုတ
၅း၁၀	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး	၈း၀၀	၁၇။ မြဝတီ ရုပ်မြင်သံကြားသတင်း		၂၃။ ဟာသရုပ်စုံ
၅း၃၀	၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၄၀)**		၁၈။ အမျိုးသားရေးတေးကဗျာ		၂၄။ သီချင်းလက်ဆောင်
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း		၁၉။ ဒို့တာဝန်အရေး(၃)ပါး		၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၆း၁၀	၁၃။ အမျိုးသားရေးတေးကဗျာ				၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၁၁)**
					၂၇။ Mini Series

တွေ့ဆုံမှာကြား

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးရန် ပရဆေးဥယျာဉ်ကို အဆင့်မြှင့်တင် တိုင်းရင်းဆေးပညာ နိုင်ငံတကာ၌ ထိုးဖောက်နိုင်ရန် ဆောင်ရွက်

နေပြည်တော် မေ ၉

အရည်အသွေးမီ တိုင်းရင်းဆေးဝါးများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းဆေးဆရာများ၏ အရည်အသွေး မြှင့်တင်ပေးရန်၊ ကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် အထူးသဖြင့် ပရဆေးဥယျာဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ် အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တိုက်တွန်း

ယနေ့ခေတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာမျက်နှာစာ၌ ထိုးဖောက်နိုင်အောင် အားလုံး တက်ညီလက်ညီ အားကြိုးမာန်တက် တာဝန်ယူဆောင်ရွက်သွားကြရန်လည်း ဒုတိယဝန်ကြီးက တိုက်တွန်းမှာကြားသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသား ပရဆေးဥယျာဉ်အတွင်း သုတေသနပြတိုက်ရှိ ပြခန်းများနှင့် ဖွံ့ဖြိုးရေးပြတိုက်ရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း အားကစားသတင်းများ

နေပြည်တော်နှင့် ရက္ခပူရတို့ အမှတ်ခွဲယူ မနောမြေအသင်း ပထမဆုံးနိုင်ပွဲရ

ရန်ကုန် မေ ၉

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၇) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပရာ နေပြည်တော်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျသွားပြီး မနောမြေအသင်း ပထမဦးဆုံး နိုင်ပွဲရရှိခဲ့သည်။

(သုဝဏ္ဏကွင်း)

နေပြည်တော်အသင်း - တစ်ဂိုး

(ဇော်လင်း)

ရက္ခပူရယူနိုက်တက် - တစ်ဂိုး

(ဘန်ဆန်)

ပွဲစဉ်(၆)တွင် မနောမြေအသင်းကို ဂိုးပြတ်သွင်းပြီး ပထမဦးဆုံးနိုင်ပွဲရရှိခဲ့သည့် နေပြည်တော်အသင်းမှာ နိုင်ပွဲဆက်ရေး ကြိုးပမ်းခဲ့သော်လည်း အကောင်းဆုံးပုံစံမရခဲ့သလို ဦးဆောင်ဂိုးကိုလည်း မထိန်းနိုင်၍ သရေတစ်မှတ်သာ ရရှိခဲ့ခြင်းဖြစ်သည်။ ရက္ခပူရယူနိုက်တက်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အဆုံးသတ်ပိုင်းအားနည်းခဲ့၍သာ နိုင်ပွဲနှင့်ဝေးခဲ့ရခြင်း ဖြစ်သည်။

နေပြည်တော်အသင်းမှာ လူစုံထုတ်၍ ကစားခဲ့သော်လည်း ရက္ခပူရအသင်းက ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ သို့သော် ၁၂ မိနစ်တွင် နေပြည်တော်အသင်းက မထင်မှတ်ဘဲ ဦးဆောင်ဂိုးရသွားပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် လီအန်ဒရို ဖန်တီးပေးသည်ကို ဇော်လင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ ရက္ခပူရအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၁ မိနစ်တွင် ပြစ်ဒဏ်ဘောမှ လျှံထွက်လာသောဘောလုံးကို ဘန်ဆန်က ပိတ်သွင်းယူခဲ့၍ ရက္ခပူရချေပဂိုး ပြန်လည်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရန် တိုက်စစ်အား တင်လာခဲ့ရာ ရက္ခပူရအသင်းက အပိုင်ဂိုးသွင်းခွင့် ပိုရခဲ့သည်။ မာတင်၏ အဝေးကန်ချက်နှင့်အနီး ကပ်ခေါင်းတိုက်ချက်တို့ကို နေပြည်တော်ဂိုးသမား ဖြိုးမင်းမောင် ကာကွယ်နိုင်ခဲ့ပြီး ကျော်ဝေယံ၏ အပိုင်ကန်သွင်းချက်မှာလည်း ဘေးထွက်ခဲ့၍ နစ်နာခဲ့ရသည်။

(အောင်ဆန်းကွင်း)

မနောမြေ - နှစ်ဂိုး

(အေးမင်းဝင်းနှင့်ဇာဏီ)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

AFC President's ပြိုင်ပွဲအုပ်စု(ခ) ပွဲစဉ်များကို မေ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သောကြောင့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ကို မေ ၂၁ ရက်တွင်မှ ကျင်းပမည် ဖြစ်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

နေပြည်တော်နောက်ခံလူများကြားမှ ရက္ခပူရအသင်း ဂိုးသွင်းရန်ကြိုးပမ်းစဉ်။

ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၉

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ BILLIARDS & SNOOKER Challenge Cup 2011 ပြိုင်ပွဲကို မေ ၂၀ ရက်မှ စတင်၍ ရန်ကုန်မြို့ APEX CLUB ကမာရွတ်မြို့နယ်ရှိ နာနတ်တောလမ်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ဘီလိယက် အကြီးတန်းပြိုင်ပွဲ၊ စနူကာ အကြီးတန်းပြိုင်ပွဲနှင့် စနူကာအငယ်တန်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း- ၃၇၅၁၀၄ နှင့် APEX CLUB တို့သို့ ပြိုင်ပွဲဝင်စာရင်းသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ပ အားကစားသတင်းများ

ရီးယဲလ်မက်ဒရစ်အသင်း ဒရော့ဘာအတွက် ပေါင် ၁၀သန်းအသုံးပြုမည်

မက်ဒရစ် မေ ၉

မော်ရင်ဟိုကိုင်တွယ်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာကို ခေါ်ယူရေးအတွက် ပေါင် ၁၀ သန်း အသုံးပြုသွားမည်ဟု ဆိုသည်။



ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဖလားနှင့် စပိန်လာလီဂါဖလားတို့ကို လက်လွတ်လိုက်ရပြီဖြစ်ပြီး တစ်ရာသီစာအတွက် စပိန်ဘုရင့်ဖလား တစ်လုံးတည်းဖြင့်သာ ကျေနပ်လိုက်ရသည်။ ရီးယဲလ်မက်ဒရစ်တိုက်စစ်တွင် ဘန်ဇီမာနှင့် အဒီဘာယောတို့ ရှိနေသော်လည်း မော်ရင်ဟိုစိတ်ကြိုက်ဖြစ်မလာခဲ့၍ တပည့်ဟောင်းဒရော့ဘာကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက ဒရော့ဘာကို ထုတ်ရောင်းရန် ပြင်ဆင်နေပြီး ၎င်းကို ရီးယဲလ်မက်ဒရစ်အပြင် စပါး၊ မန်စီးတီးနှင့် အသင်းဟောင်း ပြင်သစ်ကလပ်မာဆေးတို့ကလည်း ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ဒရော့ဘာသည် လာမည့်ရာသီတွင် ချယ်လ်ဆီး၌သာ ဆက်လက်ကစားရန် ဆန္ဒရှိနေသော်လည်း အကယ်၍ အသင်းပြောင်းရွှေ့ရမည်ဆိုပါက ဆရာဟောင်းရှိရာ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။ မော်ရင်ဟိုသည် ဒရော့ဘာအပြင် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား လမ်းပတ်ကိုလည်း မီးစိမ်းပြလျက်ရှိနေသည်။ ***အင်တာနက်။***

အူဒီးနိစ်ကစားသမားဆန်ချက်ဇ်ကို မန်စီးတီးခေါ်ယူလို

မန်ချက်စတာ မေ ၉

မန်စီးတီးအသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ဝယ်ယူရန်ရှိနေရာ အူဒီးနိစ်ကစားသမား ဆန်ချက်ဇ်မှာလည်း မန်စီးတီးအသင်းက ခေါ်ယူလိုနေသည့် အဓိကပစ်မှတ်ဖြစ်လာခဲ့ကြောင်းသိရသည်။

မန်စီးတီးအသင်းတွင် အဆင့်အတန်းမီကစားသမား အမြောက်အမြားရှိနေသော်လည်း နည်းပြမန်စီနီက ချန်ပီယံဆုအတွက် လုံလောက်သည့် အနေအထားမဟုတ်သေးဟု ဆိုလာသည်။ ထို့ကြောင့် မန်စီနီအနေဖြင့် အသင်းပိုင်ရှင်ရှိတ်ခ်မန်ဆာကို အပူကပ်လျက် ၎င်းစိတ်ကြိုက် ကစားသမားများကို ထပ်မံဝယ်ယူဖွယ်ရှိနေသည်။ အသက် (၂၂) နှစ်ရှိ ဆန်ချက်ဇ်**(ယာပုံ)**ကို ယူရိုသန်း ၃၀ သတ်မှတ်ဖွယ်ရှိနေပြီး ၎င်းကို ခေါ်ယူရန် မန်စီးတီး အပြင် မန်ယူ၊ အင်တာမီလန်၊ ဘာစီလိုနာနှင့် ဂျူဗင်တပ်စ်အသင်းများကလည်း ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားအပြီးကတည်းက စိတ်ဝင်စားခဲ့ဖူးသည်ဟု ဆိုသည်။ ***အင်တာနက်။***

နာပိုလီနည်းပြ မက်ဇာရီ အသင်း၌ ဆက်ရှိရန်မသေချာ

ရောမ မေ ၉

အီတလီစီးရီးအေကလပ် နာပိုလီအသင်း၏ နည်းပြမက်ဇာရီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

မက်ဇာရီသည် နာပိုလီအသင်းနှင့် ၂၀၁၃ခုနှစ်အထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသည်။ ၎င်းက ယခုနှစ်ရာသီအကုန်တွင် မိမိ၏အနာဂတ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ သို့သော် မိမိတစ်ဦးတည်း၏ တစ်ဖက်သတ်ဆုံးဖြတ်မှုမျိုးကို ပြုလုပ်သွားမည်မဟုတ်ကြောင်း ပြောကြားသည်။ အသက်(၄၉)နှစ်ရှိ မက်ဇာရီသည် နာပိုလီအသင်းကို ၂၀၀၉ ခုနှစ်ကစတင်ကိုင်တွယ်ခဲ့ပြီး ၎င်းစတင်ကိုင်တွယ်သည့်နှစ်မှာပင် အသင်းကို အဆင့်(၆)နေရာရအောင် ပို့ဆောင်ပေးခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင်မူ နာပိုလီအသင်းမှာ ရလဒ်များကောင်းမွန်ခဲ့ပြီး စီးရီးအေအမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်ကာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ခိုင်မာခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

ဟန်သစ်

ချန်ပီယံဆုအတွက် ငွေကြေးသုံးစွဲရန်လိုအပ်ကြောင်း အာစင်ဝင်းဂါး ဝန်ခံ

လန်ဒန် မေ ၉

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ချန်ပီယံဆုဖလားများရယူနိုင်ရန်အတွက် လုံလောက်သည့် ငွေကြေးသုံးစွဲမှုပြုလုပ်ရန်လိုအပ်ကြောင်း ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် စတုတ်စီးတီးအသင်းကို ရှုံးပြီးနောက် ဝန်ခံပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီနှင့်ပါဆိုလျှင် ဆုဖလားမရရှိသည်မှာ ခြောက်ရာသီတိတိ ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် အာစင်ဝင်းဂါးအနေဖြင့် ကားလင်းဖလားရရန် အခွင့်အရေးရရှိခဲ့သော်လည်း ပြိုင်ဘက်ဘာမင်ဂမ်အသင်းကို လျှော့တွက်ခဲ့၍ နောင်တကြီးစွာရခဲ့ရသည်။ အာစင်ဝင်းဂါးက မိမိအသင်းကို ယခုထက်ပိုမိုတောင့်တင်းသည့် အသင်းဖြစ်လိုကြောင်း၊ လာမည့်နွေရာသီဈေးကွက်ဖွင့်ချိန်တွင် ထုတ်ရောင်းသင့်သည့် ကစားသမားများကို ထုတ်ရောင်းပြီး လိုအပ်သည့် ဖြည့်ဆည်းမှုများကိုလည်း ပြန်လည်ပြုလုပ်သွားရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အလှပိုင်ရှင်မလေး ခရစ္စတင်းစတီးဝက်၏ ဘဝကြေးမုံ

အမေရိကန် မင်းသမီးချော ခရစ္စတင်းစတီးဝက်ကို အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ၁၉၉၀ ခုနှစ် ဧပြီ ၉ ရက်တွင် မွေးဖွားခဲ့သည်။ သူမ၏ဖခင် ဂျွန်စတီးဝက်မှာ ဖော့ရုပ်မြင်သံကြားသတင်းဌာနမှ ဇာတ်ခုံမန်နေဂျာ

တစ်ဦးဖြစ်ပြီး မိခင် ဂျူလက်စ်မန်စတီးဝက်မှာ ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်သူ တစ်ဦးဖြစ်သည်။ ခရစ္စတင်းစတီးဝက်တွင် အစ်ကို ကင်မရွန်းစတီးဝက်နှင့် မွေးစားသား မောင်လေးတေလာဆိုသူတစ်ဦး ရှိသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဟောလိဝုဒ်ကြယ်တစ်ပွင့်ဖြစ်လာသူ ခရစ္စတင်းစတီးဝက်၏ ငယ်စဉ်က စိတ်ကူးအိပ်မက်မှာ စာရေးဆရာမ တစ်ဦးဖြစ်ရန်သာ ဆန္ဒရှိခဲ့ပြီး သရုပ်ဆောင်တစ်ယောက်ဖြစ်ရန် မည်သည့်အခါကမျှ မစဉ်းစားခဲ့ မမျှော်လင့်ခဲ့ပါဟု သူမက ဆိုသည်။ သို့သော်လည်း သူမ၏ မိသားစုဝင်အားလုံးမှာ ရုပ်ရှင်လောကနှင့် နီးစပ်သူများဖြစ်ကြလေရာ သူမသည်လည်း အသက်ရှစ်နှစ်အရွယ်တွင်ပင် ကင်မရာရှေ့သို့ ရောက်ခဲ့ရတော့သည်။ ထို့နောက်ပိုင်းတွင် ခရစ္စမတ်နေ့ကျောင်းကပွဲတစ်ခု၌ သူမ၏ဖျော်ဖြေမှုကို အေးဂျင့်တစ်ဦးက သဘောကျသွားပြီး The Thirteeth Year ဇာတ်ကားတွင် စကားပြောစရာမလိုသည့် အပိုင်းမှ သရုပ်ဆောင်ပေးခဲ့ရသည်။ ယင်းနောက် ဆက်တိုက်ဆိုသလို The Flintstones in Viva Rock Vegas၊ The Safety of Objects ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခွင့် ရရှိခဲ့သည်။

သူမကို ခရစ္စတင်းစတီးဝက် အမည်ဖြင့် ဟောလိဝုဒ်ပရိသတ်များ သတိထားမိသည့် ဇာတ်ကားမှာ Panic Room ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် သရုပ်ဆောင်မှုအပိုင်းအတွက် အသက်အငယ်ဆုံးနှင့် အကောင်းဆုံး သရုပ်ဆောင်ဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

သူမကို ကမ္ဘာကျော်မင်းသမီးအဖြစ် လူသိများထင်ရှားစေသည့် ဇာတ်ကားမှာ ၂၀၀၈ ခုနှစ်က ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည့် Twilight ဇာတ်ကားပင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် The Twilight Saga; New Moon နှင့် ၂၀၁၀ ခုနှစ်တွင် The Twilight Saga; Eclipse ဇာတ်ကားများကို ဆက်လက်ရိုက်ကူးခဲ့သည်။ ထို့ပြင် ယခုလောလောဆယ် The Twilight Saga; Breaking Dawn Part 1 နှင့် 2 ကို မင်းသား ရောဘတ်ပတ်တင်ဆန်နှင့် ဆက်လက်ရိုက်ကူးလျက်ရှိသည်။ သူမသည် ၁၉၉၉ ခုနှစ်မှ ယနေ့အချိန်ထိ ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်း ၃၀ နီးပါး ရိုက်ကူးခဲ့ပြီးဖြစ်သည်။ သူမ ပါဝင်သရုပ်ဆောင်ထားသည့် The Twilight Saga; Eclipse ဇာတ်ကားမှာ ယခုနှစ် အမ်တီဗွီရုပ်ရှင်ဆုရရှိရန် အမည်စာရင်း တင်သွင်းခံထားရပြီး ယင်းဇာတ်ကားဖြင့် သူမသည်လည်း အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုရရှိရန် ရေပန်းစားနေသည်။

အသက်(၂၁)နှစ်သာ ရှိသေးသည့် ဆွဲဆောင်မှုအပြည့်ရှိသော အလှပိုင်ရှင်မလေး ခရစ္စတင်းစတီးဝက်သည် ယခင်က Speak ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့ဖူးသည့် မင်းသားမိုက်ကယ်အန်ဂါအာနိုနှင့်ချစ်ဇာတ်လမ်းများ ရှိခဲ့သကဲ့သို့ Twilight ဇာတ်ကားများတွင် တွဲဖက် သရုပ်ဆောင်နေကျ မင်းသားရောဘတ်ပတ်တင်ဆန်နှင့်လည်း ချစ်ကျွမ်းဝင်နေပြီဟု သတင်းများ ထွက်ပေါ်နေသည်။ ***အင်တာနက်။***

အောင်မင်းစိုး

ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ဘယ်လ်အော့ချီယိုကို တစ်သက်တာဒါရိုက်တာဆုချီးမြှင့်မည်

ဗင်းနစ်ရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများက ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ ကျင်းပမည့် ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အီတလီဒါရိုက်တာ မာကိုဘယ်လ်အော့ချီယိုကို တစ်သက်တာဒါရိုက်တာဆု ရွှေခြင်္သေ့ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဗင်းနစ်ရုပ်ရှင်ပွဲတော်က အသက်(၇၁)နှစ်ရှိ ဒါရိုက်တာဘယ်လ်အော့ချီယိုကို ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ရုပ်ရှင်လောက၌ လွှမ်းမိုးမှုအရှိဆုံး ဒါရိုက်တာနှင့်အကောင်းဆုံး ဒါရိုက်တာတစ်ဦးအဖြစ် သတ်မှတ်ခဲ့သည်။

ဘယ်လ်အော့ချီယိုသည် ၁၉၆၅ ခုနှစ်က ပထမဆုံးရိုက်ကူးခဲ့သည့် Fists in the Pocket ရုပ်ရှင်ကားဖြင့် အီတလီရုပ်ရှင်လောကတွင် ထိပ်တန်းဒါရိုက်တာတစ်ဦးအဖြစ် ထိုးဖောက်ဝင်ရောက်လာသူဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများ၏ တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာချက်တွင် ဘယ်လ်အော့ချီယိုသည် သူ၏ ၂၀၀၉ ခုနှစ်က အအောင်မြင်ဆုံးဇာတ်ကားဖြစ်သည့် Vincere ရုပ်ရှင်ကားဖြင့် ယနေ့အီတလီရုပ်ရှင်လောက၏ အအောင်မြင်ဆုံး ဒါရိုက်တာများဖြစ်သည့် ဘာနာဒိုဘာတိုလူစီနှင့် အာမန်နိုအိုလ်မီတို့နှင့်အတူ အအောင်မြင်ဆုံး ဒါရိုက်တာတစ်ဦးအဖြစ် သတ်မှတ်နိုင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

“အောင်ပွဲနေ့” အထိမ်းအမှတ် အခမ်းအနားများ မော်စကိုနှင့် ရုရှားနိုင်ငံတစ်ဝန်း၌ ကျင်းပ

မော်စကို မေ ၉

ရုရှားနိုင်ငံ မြို့တော်မော်စကိုရှိ ရင်ပြင်နီ၌ “အောင်ပွဲနေ့” အထိမ်းအမှတ် ကြီးကျယ်ခမ်းနားသော စစ်ရေးပြပွဲကို မေ ၉ ရက်က ကျင်းပခဲ့သည်။

ရုရှားနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုကြောင်း သမ္မတ ဒီမစ်ထရီ မက်ဗီဒက်ဗ်က မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

ရင်ပြင်နီ၌ကျင်းပသော စစ်ရေးပြပွဲအခမ်းအနားတွင် တပ်ဖွဲ့ဝင် ၂၀၀၀၀ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရုရှားစစ်ပြန် စစ်မှုထမ်းဟောင်းများသည် အရှေ့ဖျားဒေသရှိ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသော “အောင်ပွဲနေ့” အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၅ ခုနှစ်က နာဇီဂျာမနီအပေါ် အောင်ပွဲခံခဲ့သည့် အထိမ်းအမှတ်အဖြစ် “အောင်ပွဲနေ့” ကို ကျင်းပခြင်းဖြစ်သည်။

(၆၆)နှစ်မြောက် “အောင်ပွဲနေ့” နှစ်ပတ်လည်အခါသမယ၌ အခမ်းအနားကျင်းပနေချိန်အတွင်း မိုးရွာသွန်းခဲ့သော်လည်း ယင်းအခမ်းအနားကျင်းပမှုကို ပြည်သူ ၁၀၀၀၀ ကျော်က စုဝေးကြည့်ရှုခဲ့ကြသည်။

“အောင်ပွဲနေ့” အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ရုရှားနိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့သည်။

ရုရှားနိုင်ငံ ပစိဖိတ်ရေတပ်ဌာနချုပ်က စစ်ရေးပြအခမ်းအနားကို ကျင်းပခဲ့ရာ ဒေသခံပြည်သူများက တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

အင်တာနက်။

မေ ၉ ရက်က ရုရှားနိုင်ငံမြို့တော်မော်စကိုရှိ ရင်ပြင်နီ၌ ကျင်းပသော “အောင်ပွဲနေ့”အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဟိုဘိုကင်မြို့ရှိ ဘူတာရုံ၌ ရထားမတော်တဆမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများကို ဆေးကုသပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးဂျာစီ၌ မီးရထားမတော်တဆမှုဖြစ်ပွား

ဟိုဘိုကင်(နယူးဂျာစီ) မေ ၉

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဟိုဘိုကင်မြို့ရှိ ဘူတာရုံတစ်ရုံ၌ မေ ၈ ရက် နံနက်တွင် ခရီးသည်တင်ရထားတစ်စင်းက ဘူတာရုံသံလမ်းအဆုံးရှိ အကာအရံလက်တန်းများကို ဝင်ရောက်တိုက်မိသဖြင့် ၄၅ ဦး ဒဏ်ရာရရှိကြောင်း စီဘီအက်စ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့မှ ထွက်ခွာလာသောရထားသည် ဟိုဘိုကင်မြို့ရှိ အာရီလက်ကာဝန်နာ ဘူတာရုံ၌ အဆိုပါမတော်တဆမှုဖြစ်ပွားခဲ့သည်။

ဒဏ်ရာရရှိသူများအနက် မည်သူတစ်ဦးတစ်ယောက်မျှ စိုးရိမ်ရသည့် အခြေအနေတွင်မရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နယူးယောက်နှင့် နယူးဂျာစီဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က အများပြည်သူတို့အား သယ်ယူပို့ဆောင်ပေးနေသော ရထားခရီးစဉ်အဖြစ်ပြေးဆွဲနေသည့် ရထားတစ်စင်း မတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။

မေ ၈ ရက် နံနက် ၈ နာရီခွဲ၌ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိသည်။

အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအကြာ၌ နယူးယောက်မြို့ရှိ အိစ်ရေးဗားဥမင်လမ်းတွင် အမ်းထရက်ရထားလုပ်ငန်းကော်ပိုရေးရှင်းမှ ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားခဲ့သည်။

အမ်းထရက်ရထားမှာ ခရီးသည်များလိုက်ပါလာခြင်းမရှိကြောင်း၊ ရထားဝန်ထမ်းတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

အီရန်၏ ပထမဆုံးနျူစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်တော့မည်

တီဟီရန် မေ ၉

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် နောက်ဆုံးအကြိမ် စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း၊ နောက်နှစ်လအတွင်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရကြောင်း အီရန်သတင်းဌာနများက တနင်္လာနေ့တွင် ဖော်ပြသည်။

ရုရှားနိုင်ငံက တာဝန်ယူတည်ဆောက်ပေးသည့် ဘူရှာနျူကလီးယားစက်ရုံသည် လာမည့်နှစ်လအတွင်း၌ နိုင်ငံအတွက် လျှပ်စစ်ဓာတ်များ ထုတ်လုပ်ပေးတော့မည်ဖြစ်ကြောင်း ဖား(စ်)သတင်းဌာနက ရေးသားသည်။

နျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းနေသည်ဟူသော စွပ်စွဲချက်ဖြင့် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများကို အာခံသည့်အနေဖြင့် အီရန်နိုင်ငံသည် ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ ရှေ့မှောက်တွင် လွန်ခဲ့သည့်ဩဂုတ်လက ဘူရှာနျူကလီး ယားစက်ရုံသို့ လောင်စာများ ဖြည့်တင်းပြခဲ့သည်။

ထိုအချိန်က အီရန်တာဝန်ရှိသူများက နှစ်လ၊ သုံးလအကြာတွင် ဘူရှာနျူကလီးယားစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အီရန်နိုင်ငံက သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အားပမာဏ၏ ၂၅ ရာခိုင်နှုန်းခန့်ဖြစ်သည့် မီဂါဝပ် ၁၀၀၀ ကို ယင်းစက်ရုံမှ ထုတ်လုပ်ပေးမည်ဟုဆိုသည်။ **ရိုက်တာ။**

ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၇ ဦးသေဆုံး

မနီလာ မေ ၉

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းတစ်ခုတိုက်ခတ်ခဲ့ရာ ၁၇ ဦးသေဆုံးခဲ့ရကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော နိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုများနှင့် ရုတ်တရက်ရေလွှမ်းမိုးမှုတို့ဖြစ်ပေါ်နိုင်သည်ဟု သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတာဝန်ရှိသူများက သတိပေးထားကြောင်း ယနေ့သတင်းတွင်ဖော်ပြသည်။

အာရီဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်း ကာတန်ဒူယာနက်စ်ပြည်နယ်၌ တိုက်ခတ်ခဲ့ရာ ၁၇ ဦးသေဆုံးခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းတွင် တစ်နာရီလျှင် ၆၂ မိုင်နှုန်းလေပြင်းတိုက်ခတ်မှု ရုတ်တရက်ဖြစ်ပွားခဲ့သည်။ ဒေသအချို့တွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

မေ ၉ ရက်တွင် မြောက်ပိုင်းလူဇုန်ကျွန်းရှိ ပြည်နယ်များ တည်ရှိရာဘက်သို့ မုန်တိုင်းရွေ့လျားခဲ့သည်။

မြေပြိုမှုများဖြစ်ပွားနိုင်သဖြင့် တောတောင်ထူသည့်ဒေသများမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများကို သတိပေးခဲ့သည်။

မြေပြိုမှုကြောင့် သေဆုံးသူသုံးဦး၊ ရေနစ်မှုကြောင့် သေဆုံးသူ ၁၀ ဦး၊ ဓာတ်လိုက်ခံရမှုကြောင့် သေဆုံးသူ တစ်ဦးနှင့် မုန်တိုင်းတိုက်ခတ်နေချိန်အတွင်း ဖြစ်ပွားသော မတော်တဆမှုများကြောင့် သေဆုံးသူနှစ်ဦးရှိခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလုပ်သားတစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ် ၅၀ ကျော်ကို ဖျက်သိမ်းခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းပျံသန်းစေခြင်းတို့ပြုလုပ်ခဲ့ရသည်။

အင်တာနက်။

အင်ဒိုနီးရှားတွင် ရှားပါးဆုမတြားကျား ၁၂ကောင်တွေ့ရှိ

ဂျကာတာ မေ ၉

အင်ဒိုနီးရှားနိုင်ငံတွင် သစ်ထုတ်လုပ်ရန် သတ်မှတ်ထားသော သစ်တောအတွင်း၌ အလွန့်အလွန်ရှားပါးနေပြီဖြစ်သည့် ဆုမတြားကျား ၁၂ ကောင်ကို ဗီဒီယိုကင်မရာများက ရိုက်ကူးမိခဲ့ကြောင်း သဘာဝသားရဲတိရစ္ဆာန်စောင့်ရှောက်ရေး အကျိုးဆောင်များက တနင်္လာနေ့တွင်ပြောကြားသည်။

အနီအောက်ရောင်ခြည်သုံး ထောင်ချောက်ကင်မရာများဖြင့် ရိုက်ကူးမိထားသည့် ဗီဒီယိုပြကွက်တစ်ခုတွင် သစ်ရွက်တစ်ရွက်နှင့် ဆော့ကစားနေသည့် ကျားပေါက်ကလေးများကို တွေ့ရသည်။ နောက်တစ်ကွက်မှာ ညအချိန်၌ သစ်တောအတွင်း ဟင်းလင်းပြင်၌ အေးဆေးစွာ လျှောက်လှမ်းနေသည့် ကျားကြီးများဖြစ်သည်။

သစ်တောများပြုန်းတီးခြင်း၊ မုဆိုးတို့၏သားကောင်ဘဝကျရောက်ရခြင်းနှင့် လူတို့နှင့်ပဋိပက္ခ ဖြစ်ခြင်းတို့ကြောင့် ဆုမတြားကျားတို့သည် မျိုးသုဉ်းလုလုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့သားရဲတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေ (ဒဗလျူ ဒဗလျူအက်ဖ်)၏ မှတ်တမ်းများအရ ၁၉၇၀ ခုနှစ်များတွင် ဆုမတြားကျားကောင်ရေ ၁၀၀၀ရှိရာမှ ၄၀၀ နီးပါးအထိ လျော့နည်းလာပြီဖြစ်သည်။ အဆိုပါအဖွဲ့အစည်းက လွန်ခဲ့သည့်သုံးလကျော်၌ ရိုင်အူးနှင့် ဂျမ်ဘီပြည်နယ်များတွင် ကင်မရာများကို တပ်ဆင်ထားခဲ့ခြင်းဖြစ်သည်။

ဆုမတြားကျွန်း ကျားသုတေသနအုပ်စုခေါင်းဆောင် ကာမီလာပါရတ်ကာစီက အချိန်တိုတို အတွင်းမှာ ကောင်ရေတစ်ဒါဇင် တွေ့ရှိရခြင်းသည် အလွန်အံ့အားသင့်ဖွယ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဘူကစ်တိုက်ဂါပူလာ အမျိုးသားဥယျာဉ်နှင့် ဘူကစ်ရင်းဘန်းဘာလင်း သဘာဝတိရစ္ဆာန် ဘေးမဲ့တောအကြား အစိုးရက တရားဝင်ကာကွယ်ပေးထားခြင်းမရှိသည့် စားကျက်တစ်ခုအတွင်း၌ ထောင်ချောက်ကင်မရာများကို တပ်ဆင်ထားခဲ့ခြင်းဖြစ်သည်။

စီနာမတ်(စ်)အုပ်စု၏ အာရှစက္ကူပျော့ဖတ်နှင့် စက္ကူစက်ရုံသို့ သစ်များထောက်ပံ့နေသည့် ကုမ္ပဏီတစ်ခုသည် အဆိုပါနယ်မြေနှင့် အနီးရှိ သစ်တောများကို ခုတ်လှဲရန် အစိုးရ၏ ခွင့်ပြုမိန့်အား စောင့်ဆိုင်းလျက်ရှိကြောင်း၊ ကျားများနေထိုင်လျက်ရှိသည့်တောသည် ဘာရီကိုပစိဖိတ်သစ်ကုမ္ပဏီကပိုင်ဆိုင်ခွင့်ရရှိထားသောနယ်မြေအတွင်း၌ ရှိနေကြောင်း ဒဗလျူဒဗလျူအက်ဖ်က ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် ရှားပါးတိရစ္ဆာန်များ နေထိုင်ကျက်စားရာနေရာ၌ သစ်ထုတ်လုပ်ခွင့် ချပေးမည်မဟုတ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **အေပီ။**



အင်ဒိုနီးရှားနိုင်ငံ တောတွင်း တစ်နေရာ၌ ကျက်စားသော ဆုမတြားကျားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်၌ ငါးမန်းဖမ်းဆီးမှု ပိတ်ပင်ရန်စီစဉ်

ကွာလာလမ်ပူ မေ ၉

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ ဆာဘားပြည်နယ်၌ ငါးမန်းဖမ်းဆီးမှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၉ ရက်တွင် ပြောကြားသည်။

ဒေသခံရေလုပ်သားများက ငါးမန်းများကို ရက်စက်ကြမ်းကြုတ်စွာ ဖမ်းဆီးသတ်ဖြတ်နေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများနှင့် ကမ္ဘာလှည့်ခရီးသည်များက ပြစ်တင်ဝေဖန်ပြောဆိုမှုများ ပေါ်ထွက်ခဲ့ပြီးနောက် ပြည်နယ်အစိုးရအဖွဲ့က ယင်းသို့ပိတ်ပင်ရန် စီစဉ်နေခြင်းဖြစ်သည်။

လာမည့်နှစ်မှစ၍ ငါးမန်းဖမ်းဆီးမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း ဆာဘားပြည်နယ် အစိုးရအဖွဲ့မှ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး မာစီဒီ မန်ဂျန်က ပြောကြားသည်။

မလေးရှားနိုင်ငံရှိ ပြည်နယ်များအနက် ဆာဘားပြည်နယ်သည် ငါးမန်းဖမ်းဆီးမှုကို ပိတ်ပင်သည့် ပထမဆုံးပြည်နယ်ဖြစ်လာမည်ဖြစ်သည်။

ဆာဘားပြည်နယ် ပင်လယ်ရေပြင်တွင် လွန်ခဲ့သည့် ၁၅ နှစ်က တည်ရှိခဲ့သော ငါးမန်းအရေအတွက်၏ ၂၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့ကြောင်း ၎င်းက ပြောကြားသည်။

ငါးမန်းများကို တွေ့မြင်နိုင်သော ပင်လယ်ကမ်းရိုးတန်းဒေသ လေးခုသာရှိတော့ကြောင်း၊ ငါးမန်းဖမ်းဆီးမှုကို ပိတ်ပင်ခြင်း မရှိပါက ယင်းငါးမျိုးပြုန်းတီးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံရှိ စားသောက်ဆိုင်များသည် ငါးမန်းဆူးတောင်ဟင်းချိုကို ဈေးကြီးကြီးဖြင့် ရောင်းချလျက်ရှိသည်။

အင်တာနက်။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဒေါက်တာဦးခင်)-ဒေါ်သန်းသန်းလွင်တို့၏ သားကြီး

ဒေါက်တာဖြိုးသစ် M.B.,B.S (Ygn),Project officer, Merlin

နှင့်

နေပြည်တော်နေ ဦးမျိုးကျော်(ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန)-ဒေါ်နုနုစိန်တို့၏ သမီးငယ်

ဒေါက်တာသဥ္ဇာစိုး M.B.,B.S (Ygn)

တို့၏ ၁-၅-၂၀၁၁ရက်(အလုပ်သမားနေ့)တွင် Traders Hotel တကောင်းကုန်းဘောင်ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီးဒေါ်နန်းနှင်းဆီတို့အားလည်းကောင်း၊ မင်္ဂလာဆုံးမဩဝါဒစကား မိန့်ကြားပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဆေးတက္ကသိုလ်(၁)၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)ပါမောက္ခဒေါက်တာဦးကျော်နှင့်ဇနီးပါမောက္ခ/ ဌာနမှူး(ငြိမ်း)ပါမောက္ခ ဒေါက်တာဒေါ်ခင်သန္တာအေး၊ အငြိမ်းစားဆေးရုံအုပ်ကြီးဒေါက်တာခင်မောင်သွင်နှင့် ဇနီးဒေါက်တာမမြင့်ဦးတို့အားလည်းကောင်း၊ ၁-၅-၂၀၁၁ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆွမ်းစားဆောင်၌ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင်ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပါသော အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၈-၅-၂၀၁၁(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးကြပါသော သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ သံအမတ်ကြီးများ၏ မိသားစုများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူငယ်ချင်းမိတ်သင်္ဂဟများ၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသောသံအမတ်ကြီးများ၏ မိသားစုများ၊ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆)မှ ကျောင်းဆင်းအရာရှိကြီးများနှင့် မိသားစုများအားလည်းကောင်း၊ မင်္ဂလာပန်းကြိပေးပါသော ဒေါက်တာနှင်းဝတ်ရည်၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာနွယ်နီစိုးနှင့် မပိုးဆန္ဒီဇော်၊ သတို့သားအရံများဖြစ်ကြသည့်ဒေါက်တာအောင်ကျော်ကျော်၊ ဒေါက်တာသန်းထိုက်ငြိမ်းနှင့် သတို့သမီးအရံများဖြစ်ကြသည့် ဒေါက်တာသွယ်၊ ဒေါက်တာသိင်္ဂီကျော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသောဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်နှင်းရည်သန့်နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Cupid Music Band အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စိန်ဇကရာဇ်စိန်ရွှေရတနာဆိုင်၊ Eternal Gems တို့အား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ယွန်းဗန်းများပေးပို့ချီးမြှင့်ပါသော ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေမှ ဦးဘငြိမ် (ယွန်းထည်လုပ်ငန်းမိသားစု)၊ ဦးမင်းသောင်း-ဒေါ်အေးမိစံမိသားစုနှင့် ဦးဇော်ဝင်း(ပုဂံအဖွဲ့) အားလည်းကောင်း၊ ပန်းအလှပြင် Eternal Floral Service မှ မနီလာနှင့်အဖွဲ့၊ မီးအလှပြင်မီးငယ် Disco Light အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒီဇိုင်းနာပြည်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများအား စိတ်ရှည်စွာဖြင့်စိတ်တိုင်းကျပုံနှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မလီလီ၊ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဖြိုးသစ်-ဒေါက်တာသဥ္ဇာစိုး



KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် လပတ်ကျေးရွာနေ ဦးဝင်းနိုင် အသက်(၄၂)နှစ်သည် သစ်ဆွဲရန်သွားရောက်စဉ် မေ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရွာ၏အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ညာခြေချင်းဝတ်မှ ပြတ်ဒဏ်ရာနှင့် ဘယ်ခြေသလုံး မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကျောက်ကြီးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိကာ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပျော်ဘွယ်မြို့၌ ကျင်းပ

နေပြည်တော် မေ ၉

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်ခြင်း မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ ဦးစိုးအောင်-ဒေါ်လှဝင်းတို့၏ သား

ဗိုလ်စိုးလင်းကျော် M.B.,B.S (D.S.M.A)

နှင့်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးမိုးကိုကို(BAY POINT SHIPPING Co.Ltd)-ဒေါ်မြင့်မြင့်ကြည် (ကျောင်းအုပ် မ-၂၁၊ တောင်ဥက္ကလာပမြို့နယ်)တို့၏ သမီးကြီး

မအိစန္ဒာကိုကို LL.B,D.T.Ed

တို့သည် ၁-၅-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်စိုးလင်းကျော်-မအိစန္ဒာကိုကို

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ ဒေါက်တာကျော်သိန်းထွေး(ဒုတိယညွှန်ကြားရေးမှူး၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန)-ဒေါ်သဥ္ဇာငြိမ်းတို့၏သား

မောင်မင်းထက်သာ

4th year (M.E.S.E, Myanmar Maritime University)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ (ဗိုလ်မှူးမင်းသိဏ်း)-ဒေါ်ခင်အေးချို(အထက-၂၊ အင်းစိန်) တို့၏သမီး

မဂျူလိုင်မင်းသိဏ်း

Final year Part I (University of Medicine II,Ygn)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၅-၅-၂၀၁၁ရက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းထက်သာ-မဂျူလိုင်မင်းသိဏ်း

လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မော်လမြိုင်မြို့နေ ဦးမောင်မောင်အေး(ကုန်သွယ်/ဆေး-ငြိမ်း)-ဒေါ်ယုံတီ(ဆရာမ-ငြိမ်း) တို့၏ သားထွေး

မောင်ထွန်းမြတ်အေး

Master of Science (Materials Science & Engineering), National University of Singapore

Bachelor of Engineering (Electronics), Yangon Technology University

Process Engineer(Inkjet Systems Pte.Ltd.,Singapore)

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းဟန်(ငြိမ်း)-ဒေါ်ဝေဝေမြင့် [ဒုတိယညွှန်မှူး(ငြိမ်း) စီးပွား/ကူးသန်း]တို့၏ တစ်ဦးတည်းသောသမီး

မသင်းသင်းဟံ

Bachelor of Technology (Electronics),National University of Singapore

Diploma in Quality Engineering & Management,Temasek Polytechnic

Manager (SMM Pte.Ltd.,Jurong International),Singapore

တို့၏ ၁-၅-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ball Room)၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသောနှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၄-၂၀၁၁ရက်(ဗုဒ္ဓဟူးနေ့)တွင်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်သင်းသင်းမြ ညွှန်ကြားရေးမှူး (ငြိမ်း) ရွှေနေချုပ်ရုံးအားလည်းကောင်း၊ ၂၉-၄-၂၀၁၁ရက်(သောကြာနေ့)တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြိ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသူများနှင့် သတို့သား၊ သတို့သမီးအရံများလည်းကောင်း၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်အလှဖန်တီးပေးပါသော မိတ်ကပ်ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ မေတ္တာ စေတနာများစွာဖြင့် မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော ဦးအေးမောင်မိသားစု(DAGON ပုံနှိပ်တိုက်)အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ SEDONA HOTEL မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းမြတ်အေး-မသင်းသင်းဟံ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးတင်မြင့် [ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး]-

ဒေါ်လှလှမြင့်(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-ငြိမ်း)တို့၏သားကြီး

မောင်စိုးနိုင်ဦး

B.Sc(Zoology)

Manager, Ginzapan Food & Bakery

နှင့်

ရန်ကုန်မြို့နေ ဦးတင်ရွှေ-ဒေါ်အုံးအုံးရီတို့၏ ဒုတိယသမီး

မစန်းသော်တာလတ်

B.Sc Physics(Q)

General Manager, Rice & Paddy Trading Co.,Ltd.

Max Myanmar Group of Companies

တို့သည် ၇-၅-၂၀၁၁ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးနိုင်ဦး-မစန်းသော်တာလတ်

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး နှစ်စဉ်တိုး

လားရှိုးမြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်

နေပြည်တော် မေ ၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၅၇)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လားရှိုးမြို့ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၇) သို့ ဒေသခံတိုင်းရင်းသူ ၃၀၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၉) သို့ သင်တန်းသူ ၁၀ ဦး စုစုပေါင်း သင်တန်းသူ ၄၀ တို့ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင် သာကေတမြို့နယ် အမှတ်(၅၉) ဇင်္ဂမလမ်းနေ ဦးအေးမြင့်-ဒေါ်ခင်မြင့်တို့၏ သား၊ မောင်အောင်ကျော်သူ [၁၄/အမတ(နိုင်) ၀၁၂၁၈၂] (အသက် ၁၈ နှစ်ခန့် စိတ်ကျန်းမာရေး အနည်းငယ်ရှိသူ) သည် ၄-၅-၂၀၁၁(ဗုဒ္ဓဟူးနေ့) နံနက်၃နာရီခန့်တွင်နေအိမ်မှထွက်သွားပါ၍တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ထိရောက်စွာ အရေးယူပါမည်။

Ph-0973167641
09-8650283,09-49756316



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)